ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်
အမှတ်၊ ၅ / ၂၀၁၉
နေပြည်တော်၊ ၁၃၈၁ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ကုန်စည်တင်ပို့သူ(Exporter)နှင့် တင်သွင်းသူ(Importer)များက ပို့ကုန်သွင်းကုန်ဆိုင်ရာ အထောက်အထားများအား မှန်ကန်စွာတင်ပြကြရန်ကိစ္စ

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ)နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ(ခ)တို့ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်စည်တင်ပို့သူ (exporter)နှင့် တင်သွင်းသူ(importer)များအနေဖြင့် ကုန်စည်တင်ပို့ခြင်းနှင့် ကုန်စည်တင်သွင်းခြင်းတို့အပေါ် အခွန်တွက်ချက်ရန် ရောင်းရငွေနှင့်ကုန်ကျစရိတ်များကို ဖော်ပြရာတွင် အမှန်တကယ်ရောင်းချလိုက်သည့်အရောင်းတန်ဖိုး၊ အမှန်တကယ်ကုန်ကျသည့်စရိတ်တို့ကို အခြေပြု၍ တင်ပြသွားကြရန်အတွက် ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေပါပြဋ္ဌာန်းချက်များအရ ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းရာတွင် ရောင်းရငွေ/ ရငွေတင်ပြခြင်းများနှင့် ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ဝင်ငွေနှင့်စရိတ် တင်ပြတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်ကဲ့သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤလိုက်နာကျင့်သုံးရန်ထုတ်သတ်မှတ်ချက်သည် ကုန်စည်တင်ပို့သူ(Exporter)နှင့် တင်သွင်းသူ(Importer)များအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်

၄။ အခွန်ထမ်းများအားလုံးအပေါ်တစ်ပြေးညီ ကျင့်သုံးနိုင်ရန်နှင့် နားလည်သဘောပေါက်လွယ်ကူစေရန် အောက်ပါစကားရပ်များအား သတ်မှတ်လိုက်သည်-

(က) **စိစစ်သတ်မှတ်တန်ဖိုး(Assessed Value)**- ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အတည်ပြုပြီးအကောက်ခွန်ဦးစီးဌာနက လက်သင့်ခံထားသောတန်ဖိုးဖြစ်ပါသည်။

(ခ) **လိုအပ်ချက်အရပြုလုပ်ထားသည့်ငွေတောင်းခံလွှာ(Pro-forma Invoice)**- ကုန်ပစ္စည်းအတွက် အမှန်တကယ်ပေးချေခဲ့ရသည့်တန်ဖိုးမဟုတ်သော်လည်း သက်ဆိုင်ရာက စိစစ်အတည်ပြုနိုင်ရန် သတ်မှတ်တန်ဖိုး(Assessed Value)အား ဖြည့်သွင်းဖော်ပြထားသည့် ငွေတောင်းခံလွှာတစ်ခုဖြစ်ပါသည်။

(ဂ) **ငွေတောင်းခံလွှာ(Commercial Invoice)** -စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အတိုင်း အကောက်ခွန်ဦးစီးဌာနသို့ တင်ပြသည့် ငွေတောင်းခံလွှာဖြစ်ပါသည်။

(ဃ) **ငွေတောင်းခံလွှာအမှန် (True Commercial Invoice)** - ကုန်ပစ္စည်းရောင်းချသူက ကုန်ပစ္စည်းများ၏ တန်ဖိုးအမှန်ကိုဖော်ပြထားသည့် ငွေတောင်းခံလွှာဖြစ်ပါသည်။

သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်

၅။ သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေ

(၁) ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၃)၊

(၂) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)။

(ခ) ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း

(၁) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ်(၁)၊

(၂) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ခ)၊ စည်းမျဉ်းခွဲငယ် (၁)၊

(၃) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဂ)၊ စည်းမျဉ်းခွဲငယ် (၁)။

(ဂ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ

(၁) ပုဒ်မ ၂၀၊

(၂) ပုဒ်မ ၂၇၊

(၃) ပုဒ်မ ၆၆၊

(၄) ပုဒ်မ ၆၈၊

(၅) ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊

(၆) ပုဒ်မ ၇၀၊

(၇) ပုဒ်မ ၇၇၊

(၈) ပုဒ်မ ၇၈။

(ဃ) ရာဇသတ်ကြီး

(၁) ပုဒ်မ ၁၇၇။

လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

၆။ အခွန်ထမ်းများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် **ငွေတောင်းခံလွှာအမှန်(True Commercial Invoice)ပါတန်ဖိုးကို အခြေပြု၍ ဖြည့်သွင်းဖော်ပြရမည်။** ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ ပေးဆောင်ရမည့်အခွန်ကို တွက်ချက်သည့်အခါ ဝင်ငွေရရှိရန်ကုန်ကျသည့်စရိတ်ကိုသာ အသုံးစရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပြီး ထိုအသုံးစရိတ်ပမာဏသည် အမှန်တကယ်ပေးချေလိုက်ရသည့်ပမာဏဖြစ်ရမည်။ ယင်းပမာဏအား အသုံးစရိတ်အဖြစ်တင်ပြတောင်းခံရာတွင် ကုန်စည်ဝယ်ယူခြင်းနှင့် ငွေပေးချေခြင်းဆိုင်ရာ အထောက်အထားဖြစ်သည့် ငွေတောင်းခံလွှာအမှန်(True Commercial Invoice )ပါ တန်ဖိုးကိုအခြေပြု၍ တင်ပြတောင်းခံရမည်။

၇။ ထိုနည်းတူစွာ တင်ပို့လိုက်သောကုန်စည်၏ **စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အပေါ်အခြေမခံဘဲ ပို့ကုန်ကုန်စည်၏ အမှန်တကယ် ရောင်းဈေးတန်ဖိုးအပေါ်အခြေပြု၍** ကုန်စည်တင်ပို့ခြင်းမှရရှိသောဝင်ငွေကို တွက်ချက်ဖော်ပြရမည်။ အမှန်တကယ် ရောင်းချလိုက်သည့်တန်ဖိုးနှင့် ငွေလက်ခံရရှိမှုအထောက်အထားကို အခြေပြု၍ ပို့ကုန်ရောင်းရငွေကို တင်ပြရမည် ဖြစ်ပါသည်။

၈။ ကုန်စည်တင်သွင်းခြင်းအတွက် ပေးဆောင်ခဲ့သော ကုန်သွယ်လုပ်ငန်းခွန်သည် ကြိုတင်ခွန်ဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ(က)၊ စည်းမျဉ်းခွဲငယ်(၁)၊ စည်းမျဉ်းခွဲ(ခ)၊ စည်းမျဉ်းခွဲငယ်(၁)နှင့် စည်းမျဉ်းခွဲ(ဂ)၊ စည်းမျဉ်းခွဲငယ် (၁)တို့အရ အမှန်တကယ်ပေးဆောင်ခဲ့သည့် ပမာဏကိုသာ ခုနှိမ်ခွင့်ပြုမည် ဖြစ်ပါသည်။

၉။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

(က) နမူနာ-၁

(၁) ဖြစ်စဉ်။ မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီ “A” သည် ပြည်ပနိုင်ငံရှိ ကုမ္ပဏီ “B” သို့ ကုန်စည်များတင်ပို့ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့တင်ပို့ရာတွင် ၎င်းကုန်စည်များ၏ စိစစ်သတ်မှတ်တန်ဖိုး(Assessed Value)အား ဈေးကွက်ပေါက်ဈေးအမှန်အတိုင်း ဖော်ပြထားခြင်းမရှိပါ။ ငွေတောင်းခံလွှာ (Commercial Invoice)နှင့်ပို့ကုန်ကြေညာလွှာ(Export Declaration Form)တွင် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသည့်တန်ဖိုးအတိုင်း ကြိုတင်ဖြည့်သွင်း ဖော်ပြထားသည့် တန်ဖိုးများ သို့မဟုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

ဌာန၏ သတ်မှတ်တန်ဖိုးများကိုအခြေပြု၍ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သည့် တန်ဖိုးများကို ဖော်ပြထားသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ"A" သည် ပို့ကုန်ရောင်းရငွေအတွက် အမှန်တကယ် ရောင်းချလိုက်သည့်တန်ဖိုးနှင့် ငွေလက်ခံရရှိမှု အထောက်အထားတို့အတွက် ငွေတောင်းခံလွှာအမှန်(True Commercial Invoice)ကို ပြသရမည်။ ကုမ္ပဏီ "A" မှ ကုန်စည်တင်ပို့ခြင်း အတွက် တင်ပြလာသည့် ပို့ကုန်ရောင်းရငွေသည် ငွေတောင်းခံလွှာအမှန် (True Commercial Invoice)ပါ တန်ဖိုးနှင့်ကွဲပြားနေပါက ကုမ္ပဏီ"A"မှ တင်ပြလာသည့် တန်ဖိုးအတိုင်း ဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပါ။

(ခ) **နမူနာ-၂**

(၁) **ဖြစ်စဉ်။** မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီ "C" သည် ပြည်ပနိုင်ငံရှိ ကုမ္ပဏီ "D" ထံမှ ကုန်စည်များတင်သွင်းရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ တင်သွင်းရာတွင် ၎င်းကုန်စည်များ၏ စိစစ်သတ်မှတ်တန်ဖိုး (Assessed Value)အား ဈေးကွက်ပေါက်ဈေးအမှန်အတိုင်း ဖော်ပြထားခြင်းမရှိပါ။ ငွေတောင်းခံလွှာ (Commercial Invoice)နှင့် သွင်းကုန်ကြေညာလွှာ (Import Declaration Form) တို့တွင် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသည့် တန်ဖိုးအတိုင်း ကြိုတင်ဖြည့်သွင်း ဖော်ပြထားသည့်တန်ဖိုးများ သို့မဟုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်တန်ဖိုးများကို အခြေပြု၍ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သည့်တန်ဖိုးများကို ဖော်ပြ ထားသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ "C" သည် ပြည်ပနိုင်ငံမှ ကုန်စည်တင်သွင်းခြင်းအပေါ် အမှန်တကယ်ပေးချေလိုက်ရသည့် ငွေပမာဏအတွက် ငွေတောင်းခံလွှာအမှန်(True Commercial Invoice)ကို တင်ပြရမည်။ ထို့ကြောင့် ကုမ္ပဏီ "C" မှ ကုန်စည်တင်သွင်းခြင်းအတွက် တင်ပြလာသည့်တန်ဖိုးများသည် အဆိုပါကုန်စည်အတွက် ပေးချေလိုက်ရ သည့်တန်ဖိုးကိုဖော်ပြထားသော ငွေတောင်းခံလွှာအမှန်(True Commercial Invoice)ပါတန်ဖိုးနှင့် ကွဲပြားနေပါက ကုမ္ပဏီ"C"မှ တင်ပြလာသည့်တန်ဖိုး အတိုင်း ဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ပါ။ ထို့နည်းတူစွာ တင်သွင်းလာသည့်ကုန်စည်များအား ပြည်တွင်းတွင်ပြန်လည် ရောင်းချခြင်းအတွက် ရောင်းရငွေဖော်ပြရာတွင်လည်း အမှန်တကယ် ရောင်းရ ငွေကိုသာ ဖော်ပြရမည်ဖြစ်ပါသည်။

**ချမှတ်နိုင်သည့် ဒဏ်ကြေးငွေနှင့် ပြစ်ဒဏ်များ**

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ၊ ဝင်ငွေကြေညာလွှာစသည့် အခွန်ကြေညာလွှာများတွင် သွင်းကုန်တန်ဖိုး သို့မဟုတ် ပို့ကုန်တန်ဖိုးများကို ပို၍ဖော်ပြထားခြင်း သို့မဟုတ် လျော့၍ ဖော်ပြထားခြင်းဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၈နှင့် ပုဒ်မ ၆၉၊ ပုဒ်မ၇၀(က) တို့အရ ဒဏ်ကြေးငွေတပ်ရိုက်ခံရမည်ဖြစ်သည့်အပြင် ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့အရ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စုနှင့် မြီရှင်မှတ်စုများကို မမှန်မကန်ဖော်ပြပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၆ အရ ဒဏ်ကြေးငွေ တပ်ရိုက်ခံရမည့်အပြင် ပုဒ်မ ၇၈ အရ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းခံရမည် ဖြစ်ပြီး စာရွက်စာတမ်းအထောက်အထားများကို ထိန်းသိမ်းရန် ပျက်ကွက်ပါက ပုဒ်မ ၇၀ အရ ဒဏ်ကြေးငွေ တပ်ရိုက်ခံရမည်ဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာအပါအဝင် မှားယွင်းနေသော စာရွက်စာတမ်းအထောက်အထားများကို တင်ပြခြင်းသည် ရာဇသတ်ကြီး (Penal Code) ပုဒ်မ ၁၇၇ အရ ပြစ်မှုမြောက်ပါသည်။

၁၁။ ထို့ကြောင့် ဒဏ်ကြေးငွေတပ်ရိုက်ခံရခြင်းနှင့် ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်များချမှတ်ခံရခြင်းမှလွတ်ကင်းစေရန် အခွန်ကြေညာလွှာများတွင် အချက်အလက်များ မှန်ကန်တိကျစွာ ဖြည့်သွင်းရမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများအား အသိပေးလိုပါသည်။

၁၂။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ-၁/ ပတခ/ ၂၀၁၉ ( ၁၂၈၉၇ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။
ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနခွဲညွှန်ကြားရေးမှူး(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)၊(၅)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး(နေပြည်တော်)

သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ